စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

# သခွားမွှေးသီး

# (Fresh melons)

# ဈေးကွက်အလားအလာလေ့လာချက်

# (ITC MARKET SCAN)

# အမှတ်စဉ် (၀၀၁၉)

(HS-Code 080719)

Fresh melons



















May 2019

# ဈေးကွက်အလားအလာလေ့လာချက်

(ITC MARKET SCAN)

PRODUCT : 080719

Fresh melons

## (HS-Code 080719)

## Fresh melons


ကမ္ဘာ့ထိပ်တန်းဝယ်ယူသောနိုင်ငံများနှင့် မြန်မာ့ပို့ကုန်နှိုင်းယှဉ် လေ့လာချက်

၂၀၁၈ ခုနှစ်၌ ကမ္ဘာ့အများဆုံးတင်သွင်းသော(၁၀) နိုင်ငံ


Fig 1 . Top 10 World importers in 2018

| Sr. No | Importers | Value Imported in 2018 (US$,000) | Quantity Imported in 2018(Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|---|
| 1 | United States of America | 402917 | 654745 | 615 | 21.6 |
| 2 | Netherlands | 208185 | 224422 | 928 | 11.2 |
| 3 | France | 188220 | 160638 | 1172 | 10.1 |
| 4 | United Kingdom | 181779 | 172725 | 1052 | 9.7 |
| 5 | Germany | 165348 | 132803 | 1245 | 8.9 |
| 6 | Canada | 102164 | 158794 | 643 | 5.5 |
| 7 | Spain | 69875 | 85940 | 813 | 3.7 |
| 8 | Belgium | 62301 | 42254 | 1474 | 3.3 |
| 9 | Switzerland | 43323 | 25242 | 1716 | 2.3 |
| 10 | Portugal | 39678 | 60874 | 652 | 2.1 |
| 11 | Other | 400644 | 437990 | -9445 | 21.6 |
| 12 | World Total | 1864434 | 2156427 | 865 | 100 |

Source : ITC TradeMap




Source : ITC TradeMap




Source : ITC TradeMap

၁။ ဖော်ပြပါ (HS-Code 080719) သခွားမွှေးသီးအား ၂၀၁၈ ခုနှစ်တွင် အများဆုံး ဝယ်ယူခဲ့သော ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ အမေရိကန်၊ နယ်သာလန်စ်၊ ပြင်သစ်၊ အင်္ဂလန်၊ ဂျာမဏီ၊ ကနေဒါ၊ စပိန်၊ ဘယ်လဂျီယမ်၊ ဆွစ်ဇာလန်၊ ပေါ်တူဂီတို့ဖြစ်ကြသည်ကို ITC Trade Map အရသိရှိရသည်။ အမေရိကန်၏ ၂၀၁၈ ခုနှစ် သွင်းကုန် တန်ဖိုး စုစုပေါင်းမှာ ကန်ဒေါ်လာ ၄၀၂ ဒသမ ၉၁၇ သန်းရှိပြီး ကမ္ဘာ့သခွားမွှေးသီးဈေးကွက်၏ ဈေးကွက်ဝေစု ၂၁ ဒသမ ၆ ရာခိုင်နှုန်းရရှိထားသည်။ ထို့နောက် နယ်သာလန်စ်က သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၂၀၈ ဒသမ ၁၈၅ သန်းဈေးကွက်ဝေစု ၁၁ ဒသမ ၂ ရာခိုင်နှုန်းဖြင့် ဒုတိယ၊ ပြင်သစ်က ကန်ဒေါ်လာ ၁၈၈ ဒသမ ၂၂၀ သန်းဈေးကွက်ဝေစု ၁၀ ဒသမ ၁ ရာခိုင်နှုန်းဖြင့် တတိယနေရာ တွင်ရှိသည်။ အလားတူ အင်္ဂလန်၊ ဂျာမဏီ၊ ကနေဒါ၊ စပိန်၊ ဘယ်လ်ဂျီယမ်၊ ဆွစ်ဇာလန်၊ ပေါ်တူဂီတို့က အစဉ်လိုက် ရပ်တည်လျက်ရှိကြသည်။ ကမ္ဘာ့သခွားမွှေးသီး တင်သွင်းသည့် နိုင်ငံပေါင်း(၁၆၈) နိုင်ငံရှိပြီး ပေါက်ဈေးများကိုနှိုင်းယှဉ်လေ့လာရာတွင် ဆွစ်ဇာလန်က ဝယ်ယူသည့်ဈေးမှာ အမြင့်ဆုံးဖြစ်ပြီး ဘယ်လဂျီယမ်က ဒုတိယ၊ ဂျာမဏီက တတိယ၊ ပြင်သစ်က စတုတ္ထနှင့် အင်္ဂလန်က ပဉ္စမတို့ဖြစ်ကြသည်။

**မြန်မာ့ သခွားမွှေးသီး တင်ပို့သည့် ထိပ်တန်း (၁၀) နိုင်ငံ (၂၀၁၈)**

၂။ ၂၀၁၈ ခုနှစ်တွင် မြန်မာ့ သခွားမွှေးအား အများဆုံး တင်ပို့ရောင်းချခဲ့သည့် နိုင်ငံစာရင်းကို ၃-၅-၂၀၁၉ နေ့တွင် ရှာဖွေရရှိသော ITC Data အရ ရှာဖွေရရှိခြင်းမရှိသေးပါ။

**၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ သခွားမွှေး တင်ပို့မှု**

၃။ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ သခွားမွှေး တင်ပို့မှု ပမာဏနှင့် တန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

## ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ သခွားမွေး တင်ပို့မှုတန်ဖိုးပြဇယား

**Fig 2. List of exporters for the selected product**

Product: 080719 Fresh melons (excluding watermelons)

Unit : US Dollar thousand

| Sr. No | Exporters | Exported value in 2014 | Exported value in 2015 | Exported value in 2016 | Exported value in 2017 | Exported value in 2018 |
|---|---|---|---|---|---|---|
| 1 | Spain | 340278 | 300944 | 330080 | 324932 | 361416 |
| 2 | Guatemala | 170776 | 150454 | 182345 | 141614 | 235693 |
| 3 | Netherlands | 173647 | 155871 | 165356 | 191253 | 196529 |
| 4 | Honduras | 58980 | 49917 | 45846 | 60368 | 191982 |
| 5 | United States of America | 135850 | 125798 | 124886 | 130994 | 137253 |
| 6 | Brazil | 151817 | 154299 | 148741 | 162916 | 136051 |
| 7 | Mexico | 100495 | 101996 | 102829 | 97987 | 80241 |
| 8 | China | 75178 | 138617 | 149553 | 100561 | 78637 |
| 9 | Morocco | 48113 | 45523 | 38426 | 52748 | 68897 |
| 10 | France | 85249 | 77133 | 69843 | 68021 | 66944 |
| 11 | Myanmar | 28890 | 14928 | 21815 | 27066 | |
| 12 | Other | 304488 | 267034 | 294443 | 282415 | 261807 |
| 13 | World Total | 1673761 | 1582514 | 1674163 | 1640875 | 1815450 |

**Source : ITC TradeMap**

မူရင်းဇယားတွင် မြန်မာနိုင်ငံသည် အမှတ်စဉ် (၁၄၃) တွင်ရှိပါသည်။

## ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ သခွားမွှေး တင်ပို့မှုပမာဏပြဇယား

**Fig 3. List of exporters for the selected product**

Product: 080719 Fresh melons (excluding watermelons)

| Sr. No | Exporters | 2014 | 2015 | 2016 | 2017 | 2018 |
|---|---|---|---|---|---|---|
| | | Exported quantity, Tons | Exported quantity | Exported quantity, Tons | Exported quantity | Exported quantity |
| 1 | Spain | 404234 | 440203 | 443395 | 440992 | 405722 |
| 2 | Guatemala | 419151 | 371489 | 455336 | 370102 | 396987 |
| 3 | Honduras | 246109 | 219115 | 208085 | 219956 | 254382 |
| 4 | United States of America | 199373 | 173628 | 177707 | 211720 | 203247 |
| 5 | Brazil | 196850 | 223746 | 224688 | 233653 | 197596 |
| 6 | Netherlands | 130492 | 145523 | 153601 | 167752 | 169940 |
| 7 | Mexico | 142146 | 147705 | 157070 | 142199 | 132744 |
| 8 | Costa Rica | 135040 | 129734 | 124574 | 115703 | 115357 |
| 9 | Morocco | 44335 | 39358 | 39821 | 56445 | 59111 |
| 10 | China | 50550 | 76863 | 76690 | 64223 | 50575 |
| 11 | Myanmar | 24266 | 14266 | 8786 | 17027 | |
| 12 | Other | 360864 | 303102 | 383464 | 347481 | 250628 |
| 13 | World Total | 2353410 | 2284732 | 2453217 | 2387253 | 2236289 |

**Source : ITC TradeMap**

မှုရင်းဇယားတွင် မြန်မာနိုင်ငံသည် အမှတ်စဉ် (၁၁၇) တွင်ရှိပါသည်။

၄။ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ကမ္ဘာ့ဈေးကွက်တွင် သခွားမွှေး တင်ပို့သော နိုင်ငံ ၁၄၅ နိုင်ငံရှိပြီး မြန်မာနိုင်ငံသည် ပမာဏအားဖြင့် တင်ပို့မှုတွင် အဆင့် ၁၁၇ ၊ တန်ဖိုးအားဖြင့် တင်ပို့မှုတွင် အဆင့် ၁၄၃ နေရာတွင်ရှိနေပါသည်။

## အာရှထိပ်တန်း (၁၀) နိုင်ငံ (၂၀၁၈)

**Fig 4. Top 10 Asia Importers in 2018**

| Country | Value (in USD Thousand) | Quantity (in Tons) | Unit Value (USD/Unit) | Market Share % |
|---|---|---|---|---|
| Viet Nam | 34057 | 20462 | 1664 | 1.8 |
| Japan | 27178 | 27222 | 998 | 1.5 |
| Singapore | 14583 | 15872 | 919 | 0.8 |
| United Arab Emirates | 14317 | 17076 | 838 | 0.8 |
| Russian Federation | 9864 | 12360 | 798 | 0.5 |
| Kuwait | 6253 | 8679 | 720 | 0.3 |
| Saudi Arabia | 4085 | 5301 | 771 | 0.2 |
| Thailand | 4025 | 5376 | 749 | 0.2 |
| Taipei, Chinese | 3620 | 3176 | 1140 | 0.2 |
| Malaysia | 3529 | 3296 | 1071 | 0.2 |


**Source : ITC TradeMap**

၅။ လေ့လာနေသော သခွားမွှေးသီးကို အာရှနိုင်ငံများအနက် အများဆုံး ဝယ်ယူလျက်ရှိသော နိုင်ငံများမှာ ဗီယက်နမ်၊ ဂျပန်၊ စင်ကာပူ၊ ယူအေအီး၊ ရုရှား၊ ကူဝိတ်၊ ဆော်ဒီအာရေဗျ၊ ထိုင်း၊ တိုင်ပေ (တရုတ်)နှင့် မလေးရှား တို့ဖြစ်ကြသည်။ ဗီယက်နမ်သည် ၂၀၁၈ ခုနှစ်တွင် သွင်းကုန်တန်ဘိုး ကန်ဒေါ်လာ ၃၄ ဒသမ ၀၅၇ သန်းဖိုးနှင့် အရေအတွက် ၂၀၄၆၂ တန်ဖြင့် အများဆုံး ဝယ်ယူခဲ့ပြီး ဂျပန်က သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၂၇ ဒသမ ၁၇၈ သန်းဖိုးနှင့် အရေအတွက် ၂၇၂၂၂ တန်ဖြင့် ဒုတိယအများဆုံး၊ စင်ကာပူက ကန်ဒေါ်လာ ၁၄ ဒသမ ၅၈၃ သန်းဖိုး၊ အရေအတွက် ၁၅၈၇၂ တန်ဖြင့် တတိယအများဆုံး ဝယ်ယူလျက်ရှိကြောင်းတွေ့ရသည်။ ထို့နောက် ယူအေအီး၊ ရုရှား၊ ကူဝိတ်၊ ဆော်ဒီအာရေဗျ၊ ထိုင်း၊ တိုင်ပေ (တရုတ်)၊ မလေးရှားတို့က အစဉ်လိုက် ရပ်တည်လျက်ရှိကြသည်။


Fig 5. Top 10 World exporters in 2018

| Exporter Countries | Value Exported in 2018(US$,000) | Quantity Exported in 2018 (Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Spain | 361416 | 405722 | 891 | 19.9 |
| Guatemala | 235695 | 396987 | 594 | 13 |
| Netherlands | 196529 | 169940 | 1156 | 10.8 |
| Honduras | 191982 | 254384 | 755 | 10.6 |
| United States of America | 137253 | 203247 | 675 | 7.6 |
| Brazil | 136051 | 197596 | 689 | 7.5 |
| Mexico | 80241 | 132744 | 604 | 4.4 |
| China | 78637 | 50575 | 1555 | 4.3 |
| Morocco | 68897 | 59111 | 1166 | 3.8 |
| France | 66944 | 38576 | 1735 | 3.7 |

Source : ITC TradeMap




Source : ITC TradeMap




**Source : ITC TradeMap**

၆။ ၂၀၁၈ ခုနှစ်တွင် သခွားမွှေးသီး (HS.Code **080719**) အား တင်ပို့ရောင်းချလျက်ရှိသော ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ စပိန်၊ ဂွာတီမာလာ၊ နယ်သာလန်စ်၊ ဟွန်ဒူးရတ်စ်၊ အမေရိကန်၊ ဘရာဇီး၊ မက္ကဆီကို၊ တရုတ်၊ မော်ရိုကို၊ ပြင်သစ်တို့ဖြစ်ကြသည်။ စပိန်က ကန်ဒေါ်လာ ၃၆၁ ဒသမ ၄၁၆ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၁၉ ဒသမ ၉ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေသည်ကိုတွေ့ရသည်။ ဒုတိယနေရာရှိ ဂွာတီမာလာသည် ကန်ဒေါ်လာ ၂၃၅ ဒသမ ၆၉၅ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၁၃ ရာခိုင်နှုန်း၊ တတိယနေရာရှိ နယ်သာလန်စ်က ကန်ဒေါ်လာ ၁၉၆ ဒသမ ၅၂၉ သန်းဖိုးနှင့် ဈေးကွက်ဝေစု ၁၀ ဒသမ ၈ ရာခိုင်နှုန်းရရှိထားသည်။ ထို့နောက် ဟွန်ဒူးရတ်စ်၊ အမေရိကန်၊ ဘရာဇီး၊ မက္ကဆီကို၊ တရုတ်၊ မော်ရိုကို၊ ပြင်သစ်တို့က အစဉ်လိုက်ရှိကြသည်။ ဈေးနှုန်းအနေနှင့် ပြင်သစ်က ပထမ၊ တရုတ်က ဒုတိယ၊ မော်ရိုကိုက တတိယ၊ နယ်သာလန်စ်က စတုတ္ထနှင့် စပိန်က ပဉ္စမတို့ဖြစ်ကြသည်။ ကမ္ဘာ့ သခွားမွှေးသီး တင်ပို့သော နိုင်ငံ (၁၀၃) နိုင်ငံရှိသည်။

## EU နိုင်ငံများမှ သခွားမွှေးသီး တင်သွင်းမှု

၇။ ၂၀၁၈ ခုနှစ်တွင် သခွားမွှေးသီး အများဆုံး တင်သွင်းခဲ့သော EU ထိပ်တန်း (၅) နိုင်ငံမှာ နယ်သာလန်စ်၊ ပြင်သစ်၊ အင်္ဂလန်၊ ဂျာမဏီ၊ စပိန်တို့ဖြစ်ကြပြီး ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ် (၅) နှစ်တာ ကာလအတွင်း တန်ဖိုးအားဖြင့် တင်သွင်းမှုရာခိုင်နှုန်းနှင့် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် (၂)နှစ်တာ ကာလအတွင်း တန်ဖိုးအားဖြင့် တင်သွင်းမှုရာခိုင်နှုန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**Fig 6. Top Five EU Importers with the Biggest Growth in value Between 2014 and 2018**

| Importers | Annual growth in value between2014-2018(%) | Annual growth in value between 2017-2018(%) |
|---|---|---|
| Netherlands | 1 | 5 |
| France | -1 | -2 |
| United Kingdom | 2 | 8 |
| Germany | 3 | 17 |
| Spain | 1 | 4 |

Source : ITC TradeMap

၈။ သခွားမွှေးသီး အများဆုံး တင်သွင်းသော EUထိပ်တန်း (၅) နိုင်ငံ၏ ၂၀၁၈ ခုနှစ်အတွက် တင်သွင်းမှု ပမာဏနှင့် တန်ဖိုး၊ တစ်တန်ဈေးနှုန်းနှင့် ဈေးကွက်ဝေစုအခြေအနေများကို အောက်ပါ ဇယားဖြင့် ဖော်ပြအပ်ပါသည် -

**Fig 7. Top Five Fresh melons Importers of EU in 2018**

| Top five Importers of EU in 2018 | Select your indicators | | | |
|---|---|---|---|---|
| | Value imported in 2018 (US thousand) | Quantity imported in2018 | Unit value (USD/unit) | Share in world imports (%) |
| European Union (EU 28) Aggregation | 1113213 | 1064642 | 1046 | 59.7 |
| Netherlands | 208185 | 224422 | 928 | 11.2 |
| France | 188220 | 160638 | 1172 | 10.1 |
| United Kingdom | 181779 | 172725 | 1052 | 9.7 |
| Germany | 165348 | 132803 | 1245 | 8.9 |
| Spain | 69875 | 85940 | 813 | 3.7 |

Source : ITC TradeMap

၉။ ၂၀၁၈ ခုနှစ်တွင် EU နိုင်ငံများအနေနှင့် သခွားမွေးသီး တင်သွင်းမှု ပမာဏသည် ၁၀၆၄၆၄၂ တန် ဖြစ်ပြီး တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၁၁၃ ဒသမ ၂၀၃ သန်းရှိပါသည်။ ကမ္ဘာ့ဈေးကွက်၏ ၅၉ ဒသမ ၇ ရာခိုင်နှုန်းဈေးကွက် ဝေစုရယူထားပါသည်။

## သွင်းကုန်ခွန်လေ့လာချက်

၁၀။ အခွန်စည်းကြပ်မှုကို လေ့လာရာတွင် တရုတ်က MFN duties သုညဒသမ ၁၂ ရာခိုင်နှုန်း၊ ASEAN Countries နှင့် 3 LDC Countries အတွက် သုညရာခိုင်နှုန်း၊ အမေရိကန်က MFN duties သုညဒသမ ၂၈ ရာခိုင်နှုန်း၊ LDC Countries အတွက် သုညရာခိုင်နှုန်း၊ စင်ကာပူက MFN duties သုညရာခိုင်နှုန်း၊ အိန္ဒိယက MFN duties သုညဒသမ ၃ ရာခိုင်နှုန်း၊ နယ်သာလန်စ်၊ ပြင်သစ်၊ အင်္ဂလန်၊ ဂျာမဏီ၊ စပိန်တို့က MFN duties သုညဒသမ ၀၈၈ ရာခိုင်နှုန်း၊ LDC Countries အတွက် သုညရာခိုင်နှုန်း သတ်မှတ်ထားကြောင်း လေ့လာတွေ့ရှိရပါသည်။

**Tariff Rate of Fresh melons**

| **Partner** | **Tariff regime** | **Applied tariff (as reported)** |
|---|---|---|
| China | MFN duties (Applied) | 0.12 |
| | Preferential tariff for ASEAN countries | 0 |
| | Preferential tariff for 3 Least Developed Countries | 0 |
| America | MFN duties (Applied) | 0.28 |
| | Preferential tariff for Least Developed Countries | 0 |
| Singapore | MFN duties (Applied) | 0 |
| *India* | MFN duties (Applied) | 0.3 |
| Netherlands | MFN duties (Applied) | 0.088 |
| | Preferential tariff for Least Developed Countries | 0 |
| France | MFN duties (Applied) | 0.088 |
| | Preferential tariff for Least Developed Countries | 0 |
| United Kingdom | MFN duties (Applied) | 0.088 |
| | Preferential tariff for Least Developed Countries | 0 |
| Germany | MFN duties (Applied) | 0.088 |
| | Preferential tariff for Least Developed Countries | 0 |
| Spain | MFN duties (Applied) | 0.088 |
| | Preferential tariff for Least Developed Countries | 0 |

**Source : Market Access Map**

## အလားအလာရှိသောဈေးကွက်တစ်ခုစီလေ့လာချက်

### တရုတ် ဈေးကွက်

Fig 8 . Top 6 world exporters to China in 2018

| Country | Value (in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Taipei, Chinese | 29 | 15 | 1933 | 60.4 |
| Czech Republic | 10 | 1 | 10000 | 20.8 |
| Hong Kong, China | 5 | 3 | 1667 | 10.4 |
| Thailand | 2 | 0 | | 4.2 |
| Brazil | 2 | 2 | 1000 | 4.2 |
| Taipei, Chinese | 29 | 15 | 1933 | 60.4 |

Source : ITC TradeMap

### ထိုင်းဈေးကွက်

Fig 9 .Top 3 world exporters to Thailand in 2018

| Country | Value (in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| China | 3811 | 5359 | 711 | 94.7 |
| Japan | 211 | 15 | 14067 | 5.2 |
| Korea, Republic of | 3 | 2 | 1500 | 0.1 |

Source : ITC TradeMap

စင်ကာပူ ဈေးကွက်

Fig 10. Top 10 world exporter to Singapore in 2018

| Country | Value (in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Australia | 5934 | 4917 | 1207 | 40.7 |
| Malaysia | 3705 | 7560 | 490 | 25.4 |
| China | 2118 | 2289 | 925 | 14.5 |
| Japan | 1082 | 85 | 12729 | 7.4 |
| Korea, Republic of | 384 | 100 | 3840 | 2.6 |
| Spain | 339 | 339 | 1000 | 2.3 |
| Indonesia | 271 | 194 | 1397 | 1.9 |
| Honduras | 215 | 172 | 1250 | 1.5 |
| Viet Nam | 115 | 39 | 2949 | 0.8 |
| United States of America | 104 | 35 | 2971 | 0.7 |

Source : ITC TradeMap

အိန္ဒိယဈေးကွက်

Fig 11. Top 2 world exporter to India in 2018

| Country | Value (in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| United States of America | 15 | 8 | 1875 | 93.8 |
| Brazil | 1 | 1 | 1000 | 6.3 |

Source : ITC TradeMap

## အမေရိကန် ဈေးကွက်

**Fig 12. Top 10 world exporter to United States of America in 2018**

| Country | Value (in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Guatemala | 202498 | 345786 | 586 | 50.3 |
| Honduras | 106003 | 158076 | 671 | 26.3 |
| Mexico | 66608 | 98958 | 673 | 16.5 |
| Costa Rica | 27291 | 51306 | 532 | 6.8 |
| Brazil | 137 | 162 | 846 | 0 |
| Canada | 113 | 255 | 443 | 0 |
| Dominican Republic | 100 | 32 | 3125 | 0 |
| New Zealand | 100 | 103 | 971 | 0 |
| Portugal | 49 | 64 | 766 | 0 |
| Ecuador | 9 | 2 | 4500 | 0 |

**Source : ITC TradeMap**

## မြန်မာနိုင်ငံအတွက် အလားအလာအကောင်းဆုံးဈေးကွက်များရွေးချယ်ခြင်း

၁၁။ ကမ္ဘာပေါ်တွင် သခွားမွှေးသီး အများဆုံးတင်သွင်းသော ထိပ်တန်းနိုင်ငံများကို လေ့လာရာတွင် အမေရိကန်သည် ကမ္ဘာ့အများဆုံး သခွားမွှေးသီး ဝယ်ယူသောနိုင်ငံဖြစ်ပြီး၊ တစ်ကမ္ဘာလုံး၏ဈေးကွက်ဝေစု ၂၁ ဒသမ ၆ ရာခိုင်နှုန်းရရှိထားသည်။ ဒုတိယ နယ်သာလန်စ် ဖြစ်ပြီး ဈေးကွက်ဝေစု ၁၁ ဒသမ ၂ ရာခိုင်နှုန်း၊ တတိယ ပြင်သစ်က ဈေးကွက်ဝေစု ၁၀ ဒသမ ၁ ရာခိုင်နှုန်းရရှိနေသည်။ ယင်းနောက်တွင် အင်္ဂလန်၊ ဂျာမဏီ၊ ကနေဒါ၊ စပိန်၊ ဘယ်ဂျီယမ်၊ ဆွစ်ဇာလန်၊

ပေါ်တူဂီတို့က အစဉ်လိုက် ရှိကြောင်းတွေ့ရှိရသည်။ ၃-၅-၂၀၁၉ နေ့တွင် ရှာဖွေရရှိသော ITC Data အရ ၂၀၁၈ ခုနှစ်တွင် မြန်မာ့သခွားမွှေးကို အများဆုံးတင်ပို့နေသော နိုင်ငံစာရင်းကို ရှာဖွေရရှိခြင်းမရှိသေးပါ။ မြန်မာနိုင်ငံအတွက် အလားအလာအကောင်းဆုံး ဈေးကွက်များအဖြစ် တရုတ်၊ ထိုင်း၊ စင်ကာပူ၊ အိန္ဒိယ၊ အမေရိကန်တို့ကို ရွေးချယ်လေ့လာခဲ့ပါသည်။ တရုတ်၊ ထိုင်း၊ စင်ကာပူ၊ အိန္ဒိယတို့သည် ကမ္ဘာ့ဝယ်လိုအား ထိပ်တန်း(၁၀)နိုင်ငံစာရင်းတွင် မပါဝင်သော်လည်း အိမ်နီးချင်းနိုင်ငံများဖြစ်၍လည်းကောင်း၊ အခွန်စည်းကြပ်မှုများ MFN duties အများဆုံး သုညဒသမ ၃ ရာခိုင်နှုန်း၊ ASEAN Countries နှင့် 3 LDC Countries တို့ အတွက် သုညရာခိုင်နှုန်းသာ သတ်မှတ်ထားသဖြင့်လည်းကောင်း၊ အမေရိကန်သည်လည်း ကမ္ဘာ့ဝယ်လိုအား အဆင့် (၁)ဖြစ်၍လည်းကောင်း၊ MFN duties သုညဒသမ ၂၈ ရာခိုင်နှုန်း၊ LDC Countries အတွက် သုညရာခိုင်နှုန်းနှင့်သာပေးထား၍လည်းကောင်း၊ မြန်မာနိုင်ငံအတွက် အလားအလာရှိသော ဈေးကွက်များဖြစ်ပြီး ဈေးကွက်ချဲ့ထွင်ရန် ကြိုးပမ်းသင့်သည့် နိုင်ငံများဖြစ်ပါသည်။